အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ကျယ်ပြန့်စုံလင်သောသက်ရှိဇီဝများနှင့် သဘာဝသယံဇာတ အမြောက်အများ ရှိသည်။ များမကြာမီနှစ်များက စစ်တပ်တိုးချဲ့မှု၊ သယံဇာတများကို ပမာဏ များစွာထုတ်ယူခြင်း၊ နှင့်အဆောက်အဦးပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့က ၎င်းတို့ကို ဆုတ်ယုတ် သွားစေသည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထုနှင့် ပတ်ဝန်းကျင်ကာကွယ်မှုဆိုင်ရာ ဥပဒေ၊ မူဝါဒ များရှိသော်လည်း၊ လိုအပ်သည့် အုပ်ချုပ်ရေး၊ စနစ်ကျသည့် ဖွဲ့စည်း တည်ဆောက်ပုံများ၊ စံနှုန်းများ၊ စောင့်ကြပ်ကာကွယ်ပေးမှုများ၊ နိုင်ငံရေးဆန္ဒများ ကင်းမဲ့နေသည်။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် တိုင်းရင်းသားများ၊ သဘာဝ တောရိုင်း တိရစ္ဆာန်များ၊ နှင့် ရာသီဥတုပြောင်းလဲခြင်းများ စသည်တို့ကို ကာကွယ်သည့် နိုင်ငံတကာသဘောတူညီမှုစာချုပ် ချုပ်ဆို ထားသည့်အဖွဲ့များစွာတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည်။ သို့သော်၊ ဤသဘောတူ စာချုပ် များတွင် လက်မှတ်ထိုးထားသည့် အချက်များကို ပြည်တွင်းဥပဒေထဲတွင် ထည့်သွင်းသည် မသွင်းသည်မှာ ရှင်းလင်းပြတ်သားမှု မရှိပါ။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းများစွာရှိသည်။ ဤအဖွဲ့အစည်းများတွင် လူထုအခြေပြု အဖွဲ့အစည်းများ၊ လူနေမှုအနိမ့်ဆုံးအဆင့်ဆင်းရဲသားများကို ကူညီသည့် အဖွဲ့အစည်းများ၊ ပြည်တွင်း နှင့် နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (INGOs)၊ ကုလသမဂ္ဂကိုယ်စားလှယ် အဖွဲ့များ၊ နှင့် မြန်မာပြည်တွင်း အစိုးရလက်အောက်တွင် ခရစ်ယာန်အသင်းတော်များကို အခြေခံသည့် အဖွဲ့ အစည်းများ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်တို့ရှိ နယ်စပ်ဒေသအခြေခံသည့် အဖွဲ့အစည်းများ ('နယ်စပ်အဖွဲ့များ') စသည်တို့ပါဝင်သည်။ အဖွဲ့အစည်းများစွာက ရိုးရာအစဉ်အလာအရထိန်းသိမ်း စောင့်ရှောက်ခြင်းနည်းဖြင့် ချဉ်းကပ်မှု၊ သို့မဟုတ် အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်မှု၊ သို့မဟုတ် ချဉ်းကပ်မှုနှစ်မျိုးလုံးကို လုပ်ကိုင်ကြသည်။ အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်မှုသည် ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးလုပ်ငန်း၊ အသက်မွေးမှု ပညာများနှင့် နောက်ပိုင်းတွင် စားနပ်ရိက္ခာ လုံခြုံမှု၊ မြေယာပိုင်ဆိုင်ခွင့်နှင့် အခွင့်အရေးများ၊ ပြည်သူလူထု ဖွံ့ဖြိုးရေးနှင့် စည်းရုံးခြင်း စသည့်ကိစ္စ တို့ကို အာရုံစိုက်ဆောင်ရွက်သည်။ သဘာဝဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့် အဖွဲ့အစည်းများ သည် သူတို့၏ လုပ်ငန်း ရည်ရွယ်ချက်ကို အောင်မြင်ရန် နည်းလမ်းမျိုးစုံ အသုံးပြုရသော်လည်း သဘာဝ ပတ်ဝန်းကျင် ကာကွယ်ခြင်းကို အဓိကအာရုံစိုက် ဆောင်ရွက်သည်။ သဘာဝ ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် ကိစ္စများကို လုပ်ကိုင်သည့် အဖွဲ့အစည်းများသည် သဘာဝ

ပတ်ဝန်းကျင်ဆိုင်ရာ သိနားလည်မှု၊ ပညာပေးခြင်းနှင့် သင်တန်းပေးခြင်း၊ မူဝါဒဖွံ့ဖြိုးရေး၊ ထောက်ခံမှုနှင့် ဆက်သွယ်မှုကွန်ယက် စသည်တို့ကိုလုပ်ကိုင် ဆောင်ရွက်သည်။

ဒေသခံပြည်သူလူထုများသည် ထိန်းသိမ်းကာကွယ်ထားသည့် သစ်တောများမှဖယ်ကျဉ်ခံနေရပြီး၊ သစ်တောကိုအခြေခံသည့် အသက်မွေးမှုတို့မှာခြိမ်းခြောက်ခံနေကြရသည်။ (၁၉၉၀ နှင့် ၂၀၀၀) နှစ်များကာလတွင် အလွန်အကျွံ သစ်ပင်ခုတ်လှဲခြင်းများကို - ပထမဦးစွာ ထိုင်း-မြန်မာနယ်စပ်၊ ထို့နောက် မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်နယ်စပ်တလျှောက်တွင် တွေ့ခဲ့ရသည်။ ဤနယ်စပ်များတွင် သစ်ပင်ခုတ်လှဲမှုများ များစွာလျော့နည်းသွားသော်လည်း၊ အစိုးရနှင့် စစ်တပ်က ရေရှည်တည်တံ့ ခိုင်မြဲသည့်သစ်တောမူဝါဒနှင့် ပတ်သက်သည့် စည်းကမ်းများကိုအခြေခံသည့် ပြည်တွင်းနှင့် ဒေသတွင်း ဥပဒေများကို ချိုးဖောက်ပြီး တရုတ်နှင့် မြန်မာစီးပွားရေးသမားများကို သစ်ပင်ခုတ်လှဲခွင့်များ ပေးခဲ့သည်။ သို့သော် သစ်ထုတ်လုပ်မှုများသည် စုစုပေါင်း ပြည်တွင်း ထုတ်ကုန်များ (ဂျီဒီပီ GDP)နှင့် ယှဉ်လျှင် သယံဇာတများထုတ်ကုန်တန်ဖိုးအောက် လျော့နည်းသည်။ ရပ်ရွာပိုင်သစ်တောစံနစ်များသည် သစ်တောပြုန်းတီးမှုဖြစ်ပေါ်စေသည့်သစ်ထုတ်လုပ်စီမံမှုကို စိန်ခေါ် သည့် အနေအထားတွင်ရှိနေ၍ အလားအလာကောင်းသည့် ဒေသတွင်းသို့ အာဏာခွဲဆင်းသက်သည့် လမ်းကြောင်းတရပ် အဖြစ်ထောက်ကူပေးပါသည်။

မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့် အလွန်အားနည်းလျက်ရှိသည်။ နိုင်ငံတော်က မြန်မာနိုင်ငံရှိ မြေယာနှင့် အရင်းအမြစ်အားလုံးကို ပိုင်ဆိုင်ထားပြီး၊ ရွာသားအားလုံးနီးပါးမှာ ဓလေ့ထုံးတမ်းအရ စိုက်ပျိုး ထွန်ယက်နေသည့်မြေကိုပင်ပိုင်ဆိုင်ခွင့်မရှိကြပါ။ မူဝါဒအသစ်များက ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်များ သို့မဟုတ် တရားမဝင်သော မြေယာပိုင်ဆိုင်မှု ကို ဂရုမစိုက်ဘဲ ပုဂ္ဂလိက မြေယာပိုင်ဆိုင်ခွင့်ကိုအတည်ဖြစ်စေပါသည်။ လယ်သမားများအား ပြင်းထန်သည့် အရင်းရှင်ဝါဒ မှကာကွယ်ပေးခြင်း သို့မဟုတ် အကျိုးရှိစေမည့် အုပ်ချုပ်ရေးယန္တရားများဖြင့် ကူညီပေးခြင်း များမရှိပါ။

သဘာဝအရင်းအမြစ်များကို ထိန်းချုပ်မှုသည် မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် များအဓိကရှိသည့် တိုင်းရင်းသားများ နေထိုင်သည့်ဒေသများတွင် ပဋိပက္ခဖြစ်စေသည့် အဓိက အကြောင်းရင်း ဖြစ်လာသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်နှင့်စက်မှုကဏ္ဍကို အဓိက အာရုံစိုက်သည့် အတွက် ရလာဒ်အဖြစ် စစ်တပ်တိုးချဲ့မှု၊ ဒေသခံများကို ဖယ်ရှားပစ်ခြင်းများ ဖြစ်ပေါ်လာသည်။ မကြာခင်က ဒေသတွင်းရှိနိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများအား တိုး၍စိတ်ဝင်စားလာနေကြသည်။ ကောင်းမွန်သည့် စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်မှု မရှိခြင်းနှင့် နိုင်ငံတော်က လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များနှင့် ရင်ကြားစေ့သင့်မြတ်ရန် စိတ်အားထက်သန်မှု မရှိခြင်းတို့ကြောင့်၊ နိုင်ငံ

ရပ်ခြား ရင်းနှီးမြုပ်နှံမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ထိုဒေသများတွင် နေထိုင်သည့် ပြည်သူလူထု များအပေါ် ကြီးမားသည့် သက်ရောက်မှုရှိလိမ့်မည်။

မြန်မာနိုင်ငံကို ငွေချေးငှားခြင်း မပြုသော်လည်း ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ ကဲ့သို့သော နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့် ဆက်စပ်ပတ်သက်နေဆဲပင် ဖြစ်သည်။ အထူးသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် နယ်မြေခံလူထု အပေါ် သက်ရောက်မှုရှိသော ပုဂ္ဂလိက ရင်းနှီးမြုပ်နှံမှုများအပါအဝင် လမ်းကြောင်းအများအပြားမှ အထောက်အပံ့များ ပေးနေလျက်ရှိသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးမှု လုပ်ငန်းများသည် ဧရာမ ရေကာတာကြီးများ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ယူမှု၊ သတ္တုမိုင်းများ ၊ သစ်တောပြုန်းတီးမှု၊ ဧရာမ စိုက်ပျိုးမြေ ကွန်ထရက်များ၊ တရားမဝင် တောရိုင်း တိရစ္ဆာန် ကုန်သွယ်မှု၊ ရာသီဉတု ပြောင်းလဲမှု နှင့် ပတ်သက်ပြီး ခြိမ်းခြောက်မှုများစွာကို ကြုံတွေ့ရင်ဆိုင်နေရသည်။ မြန်မာ နိုင်ငံ ၏ အဓိကဝင်ငွေမှာ သဘာဝ အရင်းအမြစ်များ ရောင်းချခြင်းက ရရှိပြီး၊ ရေနံနှင့် ရေအားလျှပ်စစ် ဓါတ် အား ဖွံ့ဖြိုးမှုကနေ ဒေါ်လာ သန်းထောင်ပေါင်းများစွာ ရရှိနေသည်။ ရင်းနှီးမြုပ်နှံမှုများမှာ ဒေသ တွင်း နိုင်ငံများမှဖြစ်သည်၊ အထင်ရှားဆုံးမှာ တရုတ်၊ အိန္ဒိယနှင့် ထိုင်းစသည့် နိုင်ငံများကရရှိခြင်း ဖြစ် သည်။ မလေးရှား၊ စင်္ကာပူ၊ ဂျပန်၊ ဗီယက်နမ်နှင့် ကိုရီးယားတို့သည်လည်း ရွေးကောက်ပွဲများပြီးသည့် နောက် အဓိကရင်းနှီးမြုပ်နှံသူ များအဖြစ် ရင်းနှီးမြုပ်နှံမှုများ ထပ်တိုးရန် စောင့်ကြည့်လျက်ရှိသည်။ အရင်း အမြစ်ထုတ်ယူသည့် ဤရင်းနှီးမြုပ်နှံမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် အထူးသဖြင့် တိုင်း ရင်းသား များနေထိုင်သည့် ဒေသရှိ သဘာဝ အရင်းအမြစ်ကို အခြေပြုသည့် အသက်မွေးမှု များကို ပျက်စီးစေသည်။

မြန်မာနိုင်ငံတွင် ကောင်းမွန်သည့်ဂေဟဆိုင်ရာနှင့် မျှတသည့်လူမှုရေးရာ ဖွံ့ဖြိုးပြောင်းလဲမှုကို ရှေ့ရှုသောလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ကာကွယ်မှုနှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သည့် မူဝါဒဘောင် ရှိထားမှသာ နိုင်ငံသားများအား မိမိဖွံ့ဖြိုးမှုအတွက်ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် ကိုယ်တိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်၊ ထို့နည်းတူ ပုဂ္ဂလိကရင်းနှီးမြုပ်နှံမှုကဏ္ဍများကိုလည်း တာဝန်ယူမှုရှိစေရန် ကာကွယ်ပေးထားရမည်။ ယင်းအချိန် မတိုင်မီ နိုင်ငံရပ်ခြားရင်းနှီးမြုပ်နှံသူများက စွမ်းအင်၊ ဓာတ်သတ္တုထုတ်ယူမှုနှင့် စိုက်ပျိုးမှုကဏ္ဍများတွင် ရင်းနှီးမြုပ်နှံမှုအသစ်များကိုရှောင်ကြဉ်သင့်သည်။ ရှိနှင့်ပြီးသည့်ရင်းနှီးမြုပ်နှံသူများသည် စီမံချက်နှင့် ပတ်သက်သည့် အလုပ်များကို ချက်ချင်းရပ်စဲ လိုက်သင့်သည်။ အထူးသဖြင့် မြန်မာပြည် တလျှောက်ရှိ

ထိလွယ်ခိုက်လွယ်သည့်ဒေသများတွင်၊ ရင်းနှီးမြုပ်နှံမှုသည် သဘာဝပတ်ဝန်းကျင် နှင့်ဒေသခံများ၏ အသက်မွေးမှုကို မလိုအပ်သည့် ပျက်စီးမှုများမဖြစ်စေနိုင်ပါဟုလုံလောက်သော စောင့်ကြပ် ကာကွယ်ပေးသည့် အာမခံချက် ရှိသည့်အချိန်အထိဖြစ်သည်။။ တချိန်ထဲတွင်၊ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂကိုယ်စားလှယ် အဖွဲ့အစည်းများက ပြည်သူ လူထုကို စိတ်တိုင်းကျသုံးရသည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများဟု သဘောထားမည့်အစား၊ သူတို့ပတ်ဝန်းကျင်တွင် သူတို့ကိုယ်တိုင် အတွက်ဖွံ့ဖြိုးမှုအဖြစ် အဓိကထားတတ်ရန် သတိပြုစေပြီး၊ အများပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများကလည်း မြန်မာပြည် တဝှမ်းရှိ ပြည်သူလူထုကို မိမိတို့၏လုပ်ပိုင်ခွင့်အခွင့်အရေးများ သိနားလည်စေရန် စွမ်းရည်မြှင့် တင်ပေးရမည်။